# ယူနန် – မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ခေတ်သစ်သို့ ရောက်လာ

တရုတ်-မြန်မာနှစ်နိုင်ငံတို့သည် ရှေးအခါမှစ၍ "တစ်ရေထဲသောက်"ကြသည့်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံဖြစ်ပြီး ရိုးရာ "ဆွေမျိုးပေါက်ဖော်ချစ် ကြည်ရေး" ဖြင့်ဆက်ဆံလာသည်။ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" တည်ဆောက်ရေး အကောင်အထည် ဖော်ဆောင်လာသည်နှင့်အမျှ၊ အာရှကံကြမ္မာအသိုက်အဝန်း အတွေးအခေါ် တင်ပြလာနှင့်အမျှ၊ ခေတ်သစ်တွင် တရုတ်-မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးဖော်ဆောင်လာသည်နှင့်အမျှ ယူနန်-မြန်မာပူးပေါင်းဆောင်ရွက်ရေးသည်လည်း ခေတ်သစ်သို့ ရောက်လာတော့သည်။

သက်ဆိုင်ရာစာရင်းများအရ၂၀၁၀ ခုနှစ်တုန်းကယူနန်ပြည်နယ်နိုင်ငံခြားရေးဌာနသည် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနရှိ သက်ဆိုင်ရာဌာနများနှင့် အပြန်အလှန် ညှိနှိုင်းဆွေးနွေးရေးစနစ်ကို တည်ထောင်ခဲ့ပြီးလူသူသွားလာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ခရီးသွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုစသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

၂၀၁၃ ခုနှစ်မှစ၍ ယူနန်သည် (၄)နှစ်အတွင်းနှစ်စဉ် မြန်မာ့အစိုးရအရာရှိနှင့် ခရီးသွားလုပ်ငန်းများမှ အဆင့်မြင့်အရာရှိ (၃၀)ဦးခန့်ကို ခရီးသွားလုပ်ငန်းဆိုင်ရာဖလှယ်ရေး လှုပ်ရှားမှုများ လုပ်ဆောင်ရန်အတွက် ယူနန်သို့ဖိတ်ခေါ်လာရန်စီစဉ်ထားသည်။ ၂၀၁၃ ခုနှစ်ဩဂုတ်လတွင် ပထမဆုံးအကြိမ် ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ကူမင်းမြို့၌ အောင်မြင်စွာကျင်းပခဲ့သည်။ နှစ်ဖက်တို့သည် ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး စင်မြင့်ကို တည်ထောင်ပြီးနှစ်ဖက်အကြား အဆင့်မြင့်ဆက်ဆံရေးစနစ်ကို တည်ထောင်နိုင်ခဲ့သည်။ ယူနန်-မြန်မာတို့၏ ပူးပေါင်းဖလှယ်ရေးမှာ အဆင့်သစ်သို့ ရောက်ရှိသွားသည်ကို အမှတ်လက္ခဏာပြုနိုင်သည်။ အဆိုပါပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သည် ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား တည်ထောင်ထားသော ပြည်နယ်/ဝန်ကြီးဌာနအဆင့် ညှိနှိုင်းဆက်သွယ်ရေးစနစ်ဖြစ်ပြီးယူနန်-ဗီယက်နမ်၊ ယူနန်-လာအို၊ ယူနန်-ထိုင်း ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တည်ထောင်ပြီးသည့်နောက် ယူနန်ပြည်နယ်မှ အိမ်နီးချင်းနိုင်ငံများနှင့် တည်ထောင်ထားသော နောက်တစ်ခု အရေးကြီးသောပူးပေါင်းဆောင်ရွက်ရေး စနစ်ဖြစ်သည်။ ယင်းဖိုရမ် ကျင်းပခြင်းအားဖြင့်နှစ်ဖက်တို့သည်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ နယ်စပ်ဒေသစီမံအုပ်ချုပ်ရေးနှင့် လူမှုအများပိုင် လုပ်ငန်းစသည့် ကဏ္ဍများတွင် ဂရုပြုကြသောပြဿနာများနှင့်စပ်လျဉ်း၍ ပွင့်လင်းနက်ရှိုင်းစွာ ဖလှယ်ကြပြီး ကျယ်ပြန့်သောသဘောတူညီချက်များရရှိနိုင်ခဲ့သည်။



ယူနန်-မြန်မာပူးပေါင်းဆောင်ရွက်မှုဖြင့် အပြန်အလှန် အနိုင်ရရှိနိုင်သည်မှာ လွန်ခဲ့သည့်နှစ်များအတွင်း တရုတ် (ယူနန်ပြည်နယ်)၏ အထူးအလေးထားမှု၊ အထူးတွန်းအားပေးမှုနှင့် ကျစ်ကျစ်သက်ဆိုင်နေသည်။ ၂၀၁၄ ခုနှစ်တွင် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး လီကျိဟိန်သည် တရုတ်ဝန်ကြီးချုပ်လီခချန်းကိုလိုက်ပါ၍မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ပြီးသည့်နောက် နေပြည်တော်၌သက်ဆိုင်ရာ မြန်မာ့ပုဂ္ဂိုလ်များနှင့်တွေ့ဆုံစဉ် မိမိအနေနှင့် မြန်မာနိုင်ငံသို့ (၃) ကြိမ်တိုင်လည်ပတ်ခဲ့ပြီး ယခုအကြိမ် မြန်မာ့ခရီးမှာပြည်နယ်ပါတီ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၅ခုနှစ်မေလတွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးချိန်ဟောင်ဦးဆောင်သော ယူနန်ပြည်နယ်အစိုးရ ကိုယ်စားလှယ်အဖွဲ့သည်မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်စဉ် မြန်မာ့သမ္မတဟောင်း ဦးသိန်းစိန်နှင့် တွေ့ဆုံရာတွင် ယခုအကြိမ်ခရီးစဉ်မှာ ဆွေမျိုးထံ အလည်လာရောက်ခြင်းဖြစ်ကြောင်း၊ ချစ်ကြည်ရေးခိုင်မြဲရန်၊ နားလည်မှု တိုးတက်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်တကွ ယူနန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်စနစ်ကို ဆက်လက်ခိုင်မြဲစေရန်၊ ခရီးသွားရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ သတင်းမီဒီယာစသည့် ကဏ္ဍများတွင်ဆတက်ထမ်းပိုးတိုး ဖလှယ်ရန်၊ ရွှေလီ-ကျယ်ခေါင်နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးခြေလှမ်း အရှိန်မြှင့်ဆောင်ရွက်ရန်၊ လွယ်ကူချောမွေ့သောဂိတ်ဖြတ် အဆင့်အတန်းမြှင့်တင်ရန်၊ တာလော့-ကျိုင်းတုံ-တာချီလိတ်-ချင်းမိုင်-ကျင်ဟုန်ပတ်လမ်းဖြစ်သည့် ခရီးသွားစီးပွားရေး ရပ်ဝန်းကို အတူတကွ တည်ဆောက်ရန် မျှော်လင့်ထားကြောင်းပြောကြားသွားသည်။

ထိပ်တန်းတွန်းအားပေးခြင်းမှ မူဝါဒဖြင့်တိုးမြှင့်ခြင်းအထိအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၏ အလေးပေးစီမံကိန်းတစ်သုတ်ကို တည်ဆောက်ပြီးစီးပြီဖြစ်သည်။ ယင်းစီမံကိန်းများမှာ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"မဟာဗျူဟာအတိုင်းမြန်မာနိုင်ငံ၏ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း တစ်သုတ်ဆောက်လုပ်ရန် တရုတ်နိုင်ငံသည် အကူအညီပေးခဲ့ပြီးဖြစ်သည်။ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဆောက်လုပ်ပြီးစီးပြီး သဘာဝဓာတ်ငွေ့ပို့ လွှတ်ခဲ့ပြီးဖြစ်သည်။ ယူနန်နှင့်မြန်မာတို့ကို ချိတ်ဆက်ထားသော ဖိုက်ဘာကြေးနန်းစနစ်ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။ မြန်မာနိုင်ငံနှင့် လျှပ်စစ်ကွန်ရက်ချိတ်ဆက်ရေး၊ လျှပ်စစ်ကုန်သွယ်မှုနှင့် လျှပ်စစ်အရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းများကို တက်ကြွစွာဖော်ဆောင်နေဆဲဖြစ်သည် . . .။ တရုတ်-မြန်မာကုန်သွယ်မှု ပမာဏသည် မြန်မာနိုင်ငံ ပြည်ပကုန်သွယ်မှုပမာဏ၏ ၄၀% ပါဝင်ပြီး တရုတ်နိုင်ငံသည်မြန်မာနိုင်ငံ၏ ပထမအကြီးဆုံးသော ကုန်သွယ်ဖက်လည်းဖြစ်၊ မြန်မာနိုင်ငံ၏ ပထမအကြီးဆုံးသော ရင်းနှီးမြှုပ်နှံရေး နိုင်ငံလည်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် မြန်မာနိုင်ငံမှခေါ်ယူသောပြည်ပရင်းနှီးမြှုပ်နှံမှု ပမာဏစုစုပေါင်း၏ ၅၀% ပါဝင်လျက်ရှိသည်။ လွန်ခဲ့သည့် နှစ်များအတွင်းယူနန်-မြန်မာကုန်သွယ်မှုပမာဏသည် တရုတ်-မြန်မာကုန်သွယ်မှု ပမာဏ၏ ၅၀% အထက်ပါဝင်နိုင်ခဲ့ပြီးမြန်မာနိုင်ငံမှ တရုတ်နိုင်ငံနှင့် ပူးပေါင်းဖလှယ်ရာတွင် ယူနန်ပြည်နယ်သည် အစောကြီးကပင် အရေးပါသော ပြည်နယ်တစ်ပြည်နယ်ဖြစ်လာခဲ့သည်။

သတင်းထောက် – ကျန်ဝင်ကို

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။

# မြန်မာနိုင်ငံဆရာဆရာမများ ယူနန်သို့လာရောက်ဖလှယ်

ဩဂုတ်လ ၁၁ ရက်နေ့မှ ၁၉ ရက်နေ့အထိယူနန်ပြည်နယ်အစိုးရမှ ကြီးမှူး၍ယူနန်ပြည်နယ်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဦးစီးဌာနမှ စီမံကိန်းအဖြစ်စီမံခန့်ခွဲပြီး ရှီးမုန် "ဝ" တိုင်းရင်းသားကိုယ်ပိုင် အုပ်ချုပ်ရေးခရိုင်စက်မှု၊ ကုန်သွယ်မှုနှင့် သတင်းအချက်အလက်ဌာန၊ ယူနန်ပြည်နယ်ပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအသင်း၊ ရှီးမုန်စိန်းဟုန် စီးပွားကုန်သွယ်မှုကုမ္ပဏီလီမိတက်တို့မှပူးပေါင်းပြီး တာဝန်ယူကျင်းပသော မြန်မာနယ်စပ်ဒေသ တရုတ်ဘာသာစာသင်ကျောင်းများမှဆရာ၊ ဆရာမများ ပညာသင်ကြားမှု စွမ်းရည်ဆိုင်ရာ မွမ်းမံသင်တန်း(၂၀၁၆)ကို ဖူးလ်မြို့ ရှီးမုန်ခရိုင်၌ ကျင်းပခဲ့သည်။




ယခုအကြိမ် မွမ်းမံသင်တန်းသို့ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော မြန်မာနိုင်ငံနယ်စပ် တစ်လျှောက်ရှိ တရုတ်ဘာသာစာသင်ကျောင်းများမှဆရာ၊ ဆရာမ(၃၀)ဦးတို့က ပညာရေးဗေဒ၊ ပညာရေးစိတ်ပညာ၊ လူငယ်လူရွယ်များ ကျန်းမာအောင် ရှင်သန်တိုးတက်ရေး (စာသင်ကျောင်း၏ အခြေခံကျန်းမာရေးနှင့် နည်းလမ်း)၊ အတန်းပိုင်ဆရာ၏ လုပ်နည်းကိုင်နည်း၊ "ဝ"တိုင်းရင်းသား၏ သမိုင်းယဉ်ကျေးမှုနှင့် တိုင်းရင်းသားအသိအမှတ်ပြုမှု အခြေအနေ၊ တရုတ်ဘာသာ ဖတ်စာအုပ်ရှင်းလင်းခြင်း၊ သတင်းအချက်အလက်နည်းပညာ၊ ဆရာ့ကျင့်ဝတ်စသည့် သင်ရိုးများကို ပါဝင်လေ့ကျင့်ခဲ့သည့်အပြင် ကွင်းဆင်းလေ့လာမှုများကိုလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ထို့အပြင် သင်တန်းကျင်းပဖက်သည် မြန်မာ့ဖက်သို့ နည်းပညာဆိုင်ရာအသိပေးစာအုပ်နှင့် ပညာသင်ထောက်ကိရိယာတစ်သုတ်ကိုလည်း လှူဒါန်းပေးခဲ့သည်။

ရှီးမုန်ခရိုင်တွင်ကျင်းပသော ယခုအကြိမ်မွမ်းမံသင်တန်းသည် မြန်မာဖက်၏လိုအပ်ချက်များနှင့်ကိုက်ညီပြီး ကျင်းပထားခြင်းဖြစ်သည်။ သင်ရိုးများကိုလည်း မှန်ကန်အောင် ဖွင့်လှစ်ပေးခဲ့သည်။ စာတွေ့သင်ကြားပို့ချမှုနှင့် လက်တွေ့ကွင်းဆင်းလေ့လာမှုပေါင်းစပ်ထားပြီး သင်တန်းသားများ၏ ပညာသင်ကြားမှုစွမ်းရည်နှင့် အဆင့်အတန်းကို ထိရောက်စွာ မြှင့်တင်ပေးခဲ့သည်။ တရုတ်ဘာသာ စာသင်ကျောင်းများမှ ကျောင်းသူ ကျောင်းသားများ၏ အထွေထွေအရည်အချင်း မြှင့်တင်ရန်နှင့် တရုတ်-မြန်မာနှစ်နိုင်ငံတို့၏ ယဉ်ကျေးမှုဖလှယ်ရေးတိုးမြှင့်ရန် အထောက်အကူပြုနိုင်ခဲ့သည်။

သတင်းထောက် – ဝူဗင်